# အင်္ဂလန်ခရီး မပြီးသေးပါ (၁၈)

အရှင်ဉာဏိက

## သိမ်းမြစ်ကမ်းက ငြိမ်းချမ်းရေးတမာန်



လန်ဒန်က ဘက်တာဆီး ပန်းခြံ (Battersea park) ထဲရှိတဲ့ ငြိမ်းချမ်းရေးစေတီလေးဆီ သွားခဲ့ရတာကိုလည်း မမေ့နိုင်ဘူး။ ဘက်တာဆီးက သိမ်းမြစ်ကမ်းနဖူးမှာ။ နှစ်ရာလွန်ရှည် မေပယ် လ်ပင်ကြီးတွေ အုပ်ဆိုင်းမှိုင်းညို့နေတဲ့ ဒီနေရာလေးက သူ့မူလ ကတည်းက ငြိမ်းအေးမှု အပြည့်နဲ့လေ။ သိမ်းမြစ်ကမ်းခြေမှာရှိပြီး ငြိမ်းအေးမှုတွေနဲ့ ခြုံလွှမ်းထားတဲ့ ဒီနယ်မြေလေးမှာ ကမ္ဘာ လောကကြီး ငြိမ်းချမ်းသာယာရှိစေဖို့၊ လူသားအားလုံး တန်းတူ ညီမျှ အခွင့်အလမ်းရှိစေဖို့စတဲ့ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ တည်ထားခဲ့တဲ့ ဒီစေတီလေး ထပ်ပေါင်းလိုက်တော့ ‘အလှပေါ် အယဉ်ဆင့်’ဆိုသလို ပိုပြီး ပြည့်စုံသွားတယ်လို့ ခံစားမိတယ်။ (ဒီနေရာမှာ ဒီဥပမာကိုသုံးတာ ကိုက် မကိုက်တော့ မသိဘူး)

စေတီလေးရှိရာ ကိုယ်ရောက်သွားတော့ မိုးဖွဲလေးတွေ ကျပြီးစ။ ရာသီကလည်း အုံ့ပျပျ။အချိန်ကလည်း နေဝင်ပျိုးပျ၊ အမှောင်ကျ ဖို့ နီးလာပြီဆိုတော့ စေတီဘေးက လမ်းကလေးမှာ လမ်း လျှောက်နေသူ တစ်ယောက်စ နှစ်ယောက်စကိုသာ မြင်ရတော့ တယ်။ ၁၉၈၄ ခုနှစ်က Greater London Council (GLC) ရဲ့ ငြိမ်းချမ်းရေးနှစ် အထိမ်းအမှတ် လက်ဆောင်အဖြစ် နစ်ပွန်ဇန် မိုဟိုဂျီ (Nipponzan Myohoji) ဆိုတဲ့ ဂျပန်ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုက ၁၉၈၅ ခုနှစ်မှာ တည် ထားခဲ့တာတဲ့။ ဒီအဖွဲ့က ငြိမ်းချမ်းရေးစေတီတွေ ကမ္ဘာအနှံ့တည်နေခဲ့တာ။ ဒီစေတီကိုတော့ နစ်ပွန်ဇန် မိုဟိုဂျီအဖွဲ့ကို စတင်တည်ထောင်ခဲ့တဲ့ ဗင်နရေးဘဲလ် နစ်ချီဒတ်ဆု (Venerable Nichidatsu Fujii) ကို ဂုဏ်ပြုတဲ့အနေနဲ့ ရဟန်းတော်တွေ၊ သီလရှင်တွေနဲ့ သူ့တပည့်တပမ်းတွေက တည်ဆောက်ခဲ့ကြပါတယ်တဲ့။

ဒီစေတီလေးရောက်ပြန်တော့ နစ်ချီဒတ်ဆု ဖူဂျီ ပြောခဲ့ဖူးတဲ့ ‘ဇီဝိန်ချွေ လူသတ်လက်နက်တွေ ကိုင်ပြီး ငြိမ်းချမ်းရေး စကားတွေ လှိုင်လှိုင်ပြောနေခြင်းဟာ အလိန်အညာတွေသာ ဖြစ်တယ်။ ငြိမ်းချမ်းရေးစကား ပြောတဲ့အခါ လူသတ် လက်နက်တွေကို ချထားရပါမယ်’ ဆိုတဲ့စကားကို ကိုယ်က အမှတ်ရမိပြန်ပါတယ်။ "It is false to talk of peace while possessing weapons destined to take life. When we talk of peace, we must lay down all murderous weapons." *(Nichidatsu Fujii)*

ကမ္ဘာလောကမှာရှိတဲ့ အများစုသော လူသားတွေက ငြိမ်းချမ်းရေးကို လိုလားကြတာပါလေ။ တကယ်လို့များ ဗင်န ရေးဘဲလ် နစ်ချီးတတ်ဆုရဲ့ စကားလေးကို သဘောကျလျှင် ၁၉၅၃ ဝန်းကျင်လောက်က ပြောခဲ့တဲ့ (Spring) စပရင်း ဆိုတဲ့ သူ့စကားလေးကို ဆက်နားထောင်ကြည့်ပါဦး။ ‘ကမ္ဘာကြီးတစ်ခုလုံးဟာ စစ်လိုလားတဲ့ သူတွေကြောင့် အေးခဲ လို့ နေပါပြီ။ စစ်ဝါဒီသမားတွေဟာ လူသားတွေကို ကြောက်ရွံ့မှု ဘဝအခြေအနေတွေထဲမှာသာ နေထိုင်စေဖို့မှတစ် ပါး အခြားရည်ရွယ်ချက် မရှိပါဘူး။ လူသားမျိုးနွယ်စုတွေဟာ ဒီကြောက်ရွံ့နေခြင်းကနေ ရုန်းထွက်နိုင်ဖို့ အကောင်း ဆုံးနည်းလမ်းကို စိတ်အားထက်သန်စွာ ရှာဖွေနေကြပါတယ်။ ဒီနည်းလမ်းကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ကိုယ် ကျင့်တရားဆိုင်ရာတွေကို တန်ဖိုးထားဖို့ သာမန်လူသားထုအတွင်းမှာ မြှင့်တင်ပေးဖို့ပဲဖြစ်ပါတယ်။ ဘယ်လောက် ခက်ခဲပြီး ကျဉ်းမြောင်းလျှင် ကျဉ်းမြောင်းပါစေ၊ အကြောက်တရားတွေကို မောင်းထုတ်နိုင်ဖို့ ဒီနည်းမှတစ်ပါး အခြား နည်းလမ်း မရှိပါဘူး။ တို့ရဲ့ မပြည့်စုံတဲ့ အခြေအနေကြောင့် တို့အားထုတ်မှုရဲ့ အကျိုးသက်ရောက်မှုက ဘယ်လောက်

ပဲ နည်းချင် နည်းပစေဦး၊ ဘာမလုပ်ပဲ ဥပေက္ခာပြုကာ အချည်းနှီး အချိန်ဖြုန်းပြီးတော့ မနေနိုင်ပါဘူး။ တို့တတွေဟာ စိတ်ဓာတ်မြှင့်တင်ရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးကာကွယ်ရေးသမားတွေ ဖြစ်ရမယ်။ ဒါဟာ လူသားတစ်ယောက်ရဲ့ ပန်းတိုင်ဖြစ်သလို ခေတ်သစ်လောကထဲကို သယ်ဆောင်လာရမည့် နည်းလမ်းလည်းပဲဖြစ်တယ်။ အရာအားလုံး အေးခဲနေတာ မြင်ခဲ့ရတဲ့ ဆောင်းတွင်းရေခဲပြင်အောက်ကနေ နုနယ်တဲ့ သစ်ပင်ငယ်လေးတွေ ရေခဲပြင်ကို ဖောက်ထွက်ပြီး အချိန်တန်တော့ ပေါက်ရောက်လာနိုင်မယ်ဆိုလျှင် ဘယ်သူယုံနိုင်မှာလဲ။ အချိန်ကျတော့လည်း ရေခဲပြင်ကြီးတွေ အရည်ပျော်ကြရစမြဲပါပဲ။ ဒါ စပရင်းရသီ အစမှာပဲ စခဲ့တာလေ။

သိပ်အေးခဲတဲ့ ဆောင်းရာသီဟာ စပရင်းရာသီရဲ့ ရှေ့ပြေးဖြစ်သလို  အကြောက်တရားဆိုတာလဲ ငြိမ်းချမ်းမှုကို ဖုံးကွယ်ထားတဲ့ ရှေ့ပြေးအရာမျှသာဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။ တို့တတွေ ဒီနည်းအတိုင်းပဲ လောကကြီးကို ရှုမြင်လိုက်ရင် တို့နှစ်လုံးသားနဲ့ စိတ်ထဲမှာ အင်အားကောင်းတဲ့ အရည်အသွေး အညွန့်အညှောက်လေးတွေ ပေါက်ဖွားရှင်သန်လာပါလိမ့်မယ်။ ဒီအညွန့်အညှောက်လေးတွေကပဲ အလွန်အန္တရာယ်များတဲ့၊ ခုချိန်ခါမှာ တို့တွေ ရင်ဆိုင်နေရတဲ့ စမ်းသပ်မှုတွေကို ကျော်လွှားလွန်မြောက်နိုင်မှာပါ။ ၂၀ ရာစုကုန်ဆုံးချိန်နောက်ပိုင်းကာလ လူသားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲဟာ လူသားအားလုံး ပျက်သုဉ်းရေးလမ်းနဲ့ ဆွေးနွေးရေးကတဆင့် အားလုံး ညီညွတ်မှုတည်ဆောက်ရေး၊ ဒီနှစ်ခုထဲက တစ်ခုခုကို ရွေးချယ်ရေးပဲဖြစ်တယ်။ ဒီအချိန်အခါဟာ အကြမ်းဖက်မှုတွေကို အောင်နိုင်ဖို့ (တနည်းအားဖြင့်ဆိုရလျှင်) အောင်မြင်တဲ့ လူသားစိတ်ဓာတ်ကိုသာ ရွေးချယ်ရမည့် အချိန်ဖြစ်တယ်’တဲ့။

သင့်အနေနဲ့ သူ့စကားအားလုံးကို သဘောတူညီကောင်းမှ တူညီမှာပါ။ ဘာပဲဖြစ်ဖြစ် ငြိမ်းချမ်းရေးကို နက်နက်ရှိုင်းရှိုင်း လိုလားခံ့မင်စွာနဲ့ တည်ထားခဲ့တဲ့ ပိ(စ်) ပဂိုးဒါးတွေ ကမ္ဘာတဝှမ်း ပြန့်ပွားလာတာကိုတော့ လေးစားရမှာပါ။ ငြိမ်းချမ်းရေးတမာန်တွေ၊ ငြိမ်းချမ်းရေးငှက်ငယ်တွေ၊ ကောင်းကင်ပြင်ကြီးတစ်ခုလုံး ကြောက်ရွံ့မှုကင်းစွာနဲ့ လွတ်လပ်စွာ ပျံသန်းခွင့်ရှိမယ်ဆိုလျှင် ကမ္ဘာလောကကြီး ဘယ်လောက်သာယာ ငြိမ်းချမ်းလိုက်လေမလဲ။ ညှင်းဆဲခြင်းတွေ ကင်းတဲ့ကမ္ဘာ၊ ကြောက်ရွံ့နေရခြင်းတွေ ကင်းတဲ့ကမ္ဘာ၊ သတ်ဖြတ်ခြင်းတွေ ကင်းတဲ့ကမ္ဘာ၊ စစ်ပွဲတွေ အလျဉ်းမရှိတဲ့ ကမ္ဘာ၊ အဲဒီကမ္ဘာကြီးမျိုး ထူထောင်နိုင်ကြလျှင် ဘယ်လောက်တောင် နေပျော်ဖွယ်ကောင်းလိုက်လေမလဲ။

**Peace in park-** ပန်းခြံထဲက ငြိမ်းချမ်းရေးဆိုတဲ့ အတိုင်း စေတီရှိရာနေရာလေးကတော့ တကယ့် ကိုမှ ငြိမ်းချမ်းမှုအပြည့် ပေးစွမ်းပါတယ်။ စေတီဘေးမှာ လမ်းလျှောက်နေတဲ့တစ်ယောက်က သူစိတ်ညစ်တဲ့ အခါတိုင်း ဒီနေရာလေးကို ရောက်လာတတ်ပါတယ် တဲ့။ဒီကိုရောက်လျှင် သူ့မှာရှိတဲ့ အပူမှန်သမျှ ပျောက်ကင်းသွားပါတယ်လို့ ပြောလာပါတယ်။ ပိစ် ပဂိုးဒါး ဆိုတဲ့ ဒီနာမည်လေးကိုက ဘယ်လောက်ငြိမ်းချမ်းလိုက်ပါသလဲလို့လဲ မေးခွန်းမေးလို့ ကိုယ့်ထောက်ခံမှုကို တောင်းလိုက်ပါသေးတယ်။ ဟုတ်တာပေါ့။ နာမည်လေးကိုက တကယ့်ကို ငြိမ်းချမ်းဖွယ်လေး။ ဒါပေမယ့် ဗုဒ္ဓဟောကြားခဲ့တဲ့အတိုင်း လိုက်နာကျင့်ကြံလျှင် ဒီထက်ပိုပြီး ငြိမ်းချမ်းမှုရမှာပါလို့ ကိုယ့်အကြံပြုစကားကိုပါ သူ့ကိုပေးလိုက်ပါတယ်။ နားလည်သလား၊ မလည်သလားတော့ မသိဘူး။ အို၊ သေချာတာပေါ့။ ဒီစကားကို သူလည်း သဘောတူပါတယ်လို့တော့ ပြောသွားပါတယ်။



မိဘနှစ်ပါးနဲ့အတူ ရောက်လာတဲ့ သားငယ်လေးတစ်ယောက်ကတော့ ကွန်ဖူးတတ်သလားလို့ လာမေးတယ်။ သူ့မိခင်က သားလေးက ကွန်ဖူးသင်တန်း တက်နေတာလေ။ အဲဒါကြောင့် သူစိတ်ဝင်စားလို့ မေးတာပါလို့ စကားထောက်ပါတယ်။ ကိုယ်က ကွန်ဖူးမတတ်ပါဘူး။ သားတတ်တယ်ဆိုလျှင်ဖြင့် ကစားပြပါလားဆိုတော့ သူကလိုလိုလားလား ကစားပြတယ်။ ကိုယ့်ရှေ့မှာ ခုလိုကစားပြခွင့်ရတဲ့အတွက် ဂုဏ်ယူကျေနပ်ဖြစ်ရပါတယ်ဆိုတဲ့ အမူအယာကိုလည်း သူ့

မျက်နှာမှာ အထင်အရှား တွေ့ရပါတယ်။ ငြိမ်းချမ်းရေး ဘုရားရင်ပြင်ပေါ်မှာ ကလေးငယ်လေး လှပစွာ ကစားပြတဲ့ ကွန်ဖူးကွက်ကို မှတ်မှတ်ရရ ကြည့်လိုက်ရခြင်းပါပဲ။ အင်း။ ရှောင်လင်ရဟန်းတွေနဲ့ လွဲလွဲပြီး ကွန်ဖူးတတ်သလား အမေးခံရပေါင်းလည်း များခဲ့ပြီ။ ကိုယ်ကလည်း ကိုယ်ခံပညာဆိုလို့ အခြားသူတွေ စိတ်ရှိတိုင်း ပြောဆိုရိုက်နှက်လာရင်တောင် ဘာမှ ပြန်လည်ခုခံနိုင်တဲ့ အစွမ်း မရှိမှာမို့ ဘာပဲဖြစ်ဖြစ် ကိုယ်သာခံရမယ့် ကိုယ်ခံပညာကလွဲပြီး ဘာမှ တတ်မထား။ ဒီတော့လဲ ပြောမယ်ဆိုလျှင် ကိုယ်ကမှ တကယ့်ကိုယ်ခံပညာရှင် စစ်စစ်။

ပထမ (ပိ(စ်) ပဂိုးဒါး) ငြိမ်းချမ်းရေးစေတီတွေကိုတော့ ဒုတိယကမ္ဘာစစ်အတွင်း ဟီရိုးရှီးမားနဲ့ နဂါဆကီမြို့များမှာ အနုမြူအဖြစ်ဆိုးကြီးနဲ့ ကြုံခဲ့ရတဲ့အတွက် အသက်ဆုံးရှုံးရတဲ့ လူပေါင်းတစ်သိန်းခွဲလောက်ကို အမှတ်ရအောင့်မေ့မှုနဲ့ အတူ ဒီအဖြစ်ဆိုးကြီး အစဉ်အမှတ်ရကာ နောက်ထပ်ဒီလို မဖြစ်စေဖို့၊ လူသားအားလုံး ညီညွတ်ကြဖို့၊ ငြိမ်းချမ်းရေး အတွက် အတူတကွလက်တွဲကြဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် စတင်တည်ဆောက်ခဲ့တာ ပါတဲ့။ ဥရောပ၊ အာရှ၊ အမေရိကစတဲ့ ကမ္ဘာတလွှားမှာ ခုဆို ငြိမ်းချမ်းရေးစေတီပေါင်း (၇၀) ကျော်တည်ထားပြီးဖြစ်ပါတယ်လို့ သိရတယ်။



ကိုယ်ကတော့ ခုလန်ဒန်မှာရှိတဲ့ ငြိမ်းချမ်းရေးစေတီနဲ့ အမေရိကန်နိုင်ငံ၊ နယူးယောက်ပြည်နယ်၊ ဂရက်ဖတန် **(Grafton)** မြို့ အနီးမှာရှိတဲ့ ငြိမ်းချမ်းရေးစေတီတို့ဆီကိုပဲ ရောက်ဖူးတယ်။ ကိုယ့်အမိနိုင်ငံက ကမ္ဘာအေးကုန်းမြေမှာရှိတဲ့ ကမ္ဘာအေးစေတီက ဒီကငြိမ်းချမ်းရေးစေတီတွေကို တည်သူတွေနဲ့ ဆက်စပ်မှုရှိသလား မရှိဘူးလားဆိုတာကိုတော့ ကိုယ်မသိပါဘူး။ ကိုယ်က ဘုရားသမိုင်းဆိုပြီး ရေးထားတဲ့စာအုပ်တွေကို အဖတ်နည်းခဲ့တယ်လေ။ ဗုဒ္ဓဝင်စာအုပ်ကို အဖတ်နည်းတယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ဘုရားကို သိကြားမင်းကြီးတည်တယ်။ နေနတ်သားနဲ့ လနတ်သမီးက အကြောင်းပါလို့ မွေးဖွားလာတဲ့ ဂဠုန်ပျံကြီးတွေ ပိုင်သတဲ့ ဘုရင်မင်းတရားကြီးက ဒီဘုရားကိုတည်ထားခဲ့တာဆိုတဲ့ ဘုရားသမိုင်းမျိုးတွေကို မယုံကြည်လို့ ဘုရားသမိုင်းစာအုပ်တွေကို ငယ်ငယ်ကတည်းကစလို့ အဖတ်နည်းခဲ့တာကိုသာ ပြောပြတာ။

ဘက်တာဆီးပန်းခြံထဲမှာရှိတဲ့ ငြိမ်းချမ်းရေးစေတီက ၃၃ ဒသမ ၅ မီတာမြင့်တဲ့ အမိုးနှစ်ထပ်ပုံလေး။ စေတီလေးမျက်နှာရဲ့ တဖက်စီမှာတော့ မြတ်ဗုဒ္ဓလောင်းလျာ မိခင်ဝမ်းကြာတိုက်က ဖွားမြင်တော်မူပုံ၊ ဗုဒ္ဓအဖြစ် ရောက်တော်မူပုံ။ ဓမ္မစကြာတရားဦး ဟောတော်မူပုံနဲ့ ပရိနိဗ္ဗာန်စံဝင်တော်မူပုံတို့ကို ထုလုပ်ထားပါတယ်။ ပုံတော်တွေကို အဓိပ္ပါယ်ဖွင့်ပုံမှာတော့ ကိုယ်တို့နဲ့ အနည်းငယ်ကွဲလွဲပါတယ်။ သို့ပေမယ့် စေတီလေးရဲ့အသည်း၊ ငြိမ်းချမ်းရေးကို စွဲလမ်းမြတ်နိုးစေတတ်အောင် ဦးတည်မှုကတော့ လုံးဝမကွဲ။ တို့အားလုံး တစ်သားတည်းပါပဲ။

စေတီလေးကို ငြိမ်းချမ်းရေးဆောင်ကြဉ်းနိုင်ရေး ရည်ရွယ်ချက်နဲ့ တည်ထားခဲ့သလို ဒီစာလေးကိုလည်း အဲဒီရည်ရွယ်ချက်နဲ့ထပ်တူ ရေးလိုက်တာပါ။ ဒီစာလေးဖတ်ပြီး သင့်နှလုံးသားမှာ ငြိမ်းချမ်းရေး စိတ်ဓာတ်တွေ ကူးစက် ကိန်းတည်လာပါစေလို့ ကိုယ်က ဆုတောင်းတယ်၊ ဆုတောင်းနေမယ်။ နောက်ပြီးလည်း ဗင်နရေးဘ်လ် နစ်ချီဒတ်ဆု ပြောသလို အေးခဲတဲ့ ရေခဲပြင်အောက်ကနေ အချိန်တန်တော့ နုနယ်တဲ့ သစ်ပင်လေးတွေ အညွန့်အညှောက် ထွက်လာနိုင်သေးတယ်ဆိုတဲ့ စပရင်း ပုံပမာလေးကိုလည်း မေ့မထားပါနဲ့။ အထူးသဖြင့်တော့ 'တို့တွေရဲ့ ကျိုးစားအားထုတ်မှုဟာ အကျိုးသက်ရောက်မှု နည်းပင်နည်းစေဦးတော့၊ ဘာမှ မလုပ်ပဲ အလကား အချိန်ဖြုန်းလို့တော့ မနေနိုင်ပါဘူး' ဆိုတဲ့ စကားလေးကိုဖြင့် အသက်ရှူမှုနဲ့ထပ်တူမျှ အစဉ်ထာဝရ သတိတရ ဖြစ်နေစေချင်ပါတယ်။ ငြိမ်းချမ်းရေးတမာန်ဆိုတာ ဘာမှ မလုပ်မပြောပဲ ထိုင်နေသူသက်သက်ကိုသာ ဆိုလိုတာ မဟုတ်ဘူးရယ်လို့ ကိုယ်ကတော့ ယုံကြည်မိပါတယ်။ ။